厚生労働省 ひと、くらし、みらいのために
Ministry of Health, Labour and Welfare

မြန်မာဘာသာ / ミャンマー語(ビルマ語)版

# ကိုယ်ပိုင်နံပါတ်ကတ်(My Number Card)ကို ကျန်းမာရေးအာမခံကတ်အဖြစ် အသုံးပြုခြင်းအကြောင်း

မြန်မာဘာသာ (ဇူလိုင် 2025 ခုနှစ် အချိန်)

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အာမခံဌာန

Ministry of Health, Labour and Welfare of Japan

# ဂျပန်နိုင်ငံ၏ ကျန်းမာရေးအာမခံစနစ်အကြောင်း အကျဉ်းချုပ်

ဂျပန်နိုင်ငံ၏ ကျန်းမာရေးအာမခံစနစ်သည် ဝင်ခွင့်ရှိသူအားလုံးသည် အာမခံကြေးများကို ပေးဆောင်ခြင်းဖြင့် သတ်မှတ်ငွေပမာဏကို ကိုယ်တိုင်ပေးချေ၍ ဆေးကုသမှုကို ခံယူနိုင်သည်။ ဝင်ခွင့်ရှိသူများတွင် ဂျပန်နိုင်ငံသားများသာမက နေထိုင်ခွင့်ကာလ 3 လအထက် ကျော်ရှိသူများ စသည့် တသမတ်တည်းသော သတ်မှတ်ချက်တွင် ကိုက်ညီသော နိုင်ငံခြားသားများလည်း ပါဝင်ပါသည်။
အမှန်တကယ် ဆေးကုသမှုကို ခံယူသည့်အခါ မည်သည့်ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ဆေးဆိုင်တွင် ပြသမည်ကို ဝင်ခွင့်ရှိသူမှ လွတ်လပ်စွာ ရွေးချယ်နိုင်သည်။



မြန်မာဘာသာ / ミャンマー語版

# ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း၊ ဆေးဆိုင်များတွင် ကျန်းမာရေးအာမခံအရည်အချင်းပြည့်မီမှုကို စစ်ဆေးခြင်း

ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) စသည်တို့ဖြင့် အရည်အချင်းပြည့်မီမှုကို စစ်ဆေးခြင်းဖြင့် 10% မှ 30% ကို ကိုယ်တိုင်ပေးချေ၍ ဆေးကုသမှုကို ခံယူနိုင်ပါသည်။

## ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း၊ ဆေးဆိုင်များတွင် ကျန်းမာရေးအာမခံအရည်အချင်းပြည့်မီမှုကို စစ်ဆေးခြင်း

ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဆေးဆိုင်သို့ သွားရောက်သည့်အခါ

- **ကိုယ်ပိုင်နံပါတ်ကတ် (My Number Card)**
- **ကျန်းမာရေးအာမခံကတ်** ※
- **အရည်အချင်းပြည့်မီမှုအတည်ပြုလွှာ**※

ဖြင့် အရည်အချင်းပြည့်မီမှုစစ်ဆေးခြင်းကို ပြုလုပ်ပါမည်။

(※) ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) မရှိသူနှင့် ကျန်းမာရေးအာမခံကတ်အဖြစ် အသုံးပြုရန်မှတ်ပုံမတင်ထားသူသည် ကျန်းမာရေးအာမခံကတ် (အကြာဆုံး ဒီဇင်ဘာ 1 ရက် 2025 ခုနှစ်အထိ) သို့မဟုတ် အရည်အချင်းပြည့်မီကြောင်း အတည်ပြုလက်မှတ် (ဒီဇင်ဘာ 2 ရက် 2024 ခုနှစ်နောက်ပိုင်းထုတ်ပေးခြင်း) ကို အသုံးပြုရန် လိုအပ်ပါသည်။

ထိုသို့လုပ်ခြင်းအားဖြင့် အမှန်တကယ် ဆေးကုသစရိတ်ကို 100% ပေးဆောင်ရန်မလိုအပ်ဘဲ **အသက် 6 နှစ်မှ 69 နှစ်ကြား** ရှိသူများသည် **30%** ကိုယ်တိုင်ပေးချေခြင်းဖြင့် ဆေးကုသမှုကို ခံယူနိုင်သည်။
အခြားသူများသည်လည်း အသက်နှင့် ဝင်ငွေပေါ်မူတည်၍ ကုန်ကျစရိတ်၏ 10%၊ 20%၊ 30% တစ်ခုခုကို ပေးဆောင်ခြင်းဖြင့် ဆေးကုသမှုကို ခံယူနိုင်သည်။

**ကိုယ်ပိုင်နံပါတ် ကတ်**
**(My Number Card)**




**ကျန်းမာရေးအာမခံကတ်**
**(~ ဒီဇင်ဘာ 1 ရက် 2025 ခုနှစ်)**




**အရည်အချင်းပြည့်မီကြောင်း အတည်ပြုလက်မှတ်**
**(ဒီဇင်ဘာ 2 ရက် 2024 ခုနှစ် ~)**



# ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ရယူရန်နည်းလမ်းနှင့်စပ်လျဉ်း၍

ကိုယ်ပိုင်နံပါတ်ကတ် (My Number Card)လျှောက်ထားရန် နည်းလမ်း 4 ခုရှိပါသည်။

## စမတ်ဖုန်း (ဂျပန်ဘာသာဖြင့်သာ)

1. စမတ်ဖုန်းဖြင့် မျက်နှာဓာတ်ပုံရိုက်ခြင်း (ဓာတ်ပုံရိုက်စက်ကို အလိုအလျောက်မှစတင်ကာ ဓာတ်ပုံရိုက်လျှင်လည်း ရပါသည်။)
2. စမတ်ဖုန်းဖြင့် ကိုယ်ပိုင်နံပါတ်အကြောင်းကြားစာ**ထုတ်ပေးရန်လျှောက်ထားခြင်း QR ကုတ်** ကို ဖတ်ရန်
3. ပေါ်လာသော လျှောက်ထားသူသီးသန့်သုံး Web ဆိုက်တွင် အီးမေးလ်လိပ်စာစသည်တို့ကို မှတ်ပုံတင်ရန်
4. အီးမေးလ်လိပ်စာတွင် လျှောက်ထားသူသီးသန့်သုံး Web ဆိုက်၏ URL ကို လက်ခံရရှိသောအခါတွင် မျက်နှာဓာတ်ပုံမှတ်ပုံတင်၍ လိုအပ်သောအချက်အလက်များကို ထည့်သွင်းပြီးလျှင် လျှောက်ထားမှု ပြီးစီးပါပြီ



**ထုတ်ပေးရန်လျှောက်ထားခြင်း QR ကုတ်**

## သက်သေခံရန်သုံးဓာတ်ပုံစက်

1. Touch မျက်နှာပြင်မှ "ကိုယ်ပိုင်နံပါတ်ကတ်လျှောက်ထားရန်" ကို ရွေးချယ်ရန်
2. ဓာတ်ပုံအခကြေးငွေကို ထည့်သွင်းပြီး ကိုယ်ပိုင်နံပါတ် အကြောင်းကြားစာ **ထုတ်ပေးရန်လျှောက်ထားခြင်း QR ကုတ်** ကို ဘားကုတ် ဖတ်စက်တွင် ကပ်လိုက်ပါ
3. မျက်နှာပြင်ပေါ် ရှိ လမ်းညွှန်ချက်အတိုင်းလိုက်နာ၍ လိုအပ်သော အချက်အလက်များကို ထည့်သွင်းရန်
4. မျက်နှာပြင်ပေါ် ရှိ လမ်းညွှန်ချက်အတိုင်းလိုက်နာ၍ မျက်နှာဓာတ်ပုံရိုက်ပြီးလျှင် လျှောက်ထားမှု ပြီးစီးပါပြီ



**ထုတ်ပေးရန်လျှောက်ထားခြင်း QR ကုတ်**

## ကွန်ပျူတာ (ဂျပန်ဘာသာဖြင့်သာ)

1. ဒစ်ဂျစ်တယ်ကင်မရာစသည်တို့ဖြင့် ဓာတ်ပုံရိုက်ခြင်း
2. လျှောက်ထားရန်သုံး Web ဆိုက်* တွင် **လျှောက်လွှာ ID (23 လုံး)** ထည့်သွင်း၍ အီးမေးလ်လိပ်စာကို မှတ်ပုံတင်ခြင်း
3. လျှောက်ထားသူ၏Web ဆိုက် URL လက်ခံရရှိသည်နှင့် မျက်နှာဓာတ်ပုံကို မှတ်ပုံတင်ကာ၊ လိုအပ်သော အချက်အလက်များကို ထည့်သွင်းပြီးလျှင် လျှောက်ထားမှု ပြီးစီးပါပြီ

*( https://net.kojinbango-card.go.jp/ )



**လျှောက်လွှာ ID (23 လုံး)**

## စာ

1. ကိုယ်ပိုင်နံပါတ်အကြောင်းကြားစာနှင့်အတူ ပါရှိသော ထုတ်ပေးရန် လျှောက်လွှာတွင် လိုအပ်သောအချက်များကို ဖြည့်သွင်း၍ **6 လအတွင်း** ရိုက်ကူးထားသော မျက်နှာဓာတ်ပုံကို ပူးတွဲပါ
2. စာအိတ်တွင်အတူပါသော ပြန်ပို့ရန်သုံးစာအိတ်တွင် ထည့်၍ စာတိုက်မှ ပို့လျှင် လျှောက်ထားမှု ပြီးစီးပါပြီ



**ထုတ်ပေးရန်လျှောက်လွှာ**



**မျက်နှာဓာတ်ပုံ**



**ပြန်ပို့ရန်သုံးစာအိတ်**

ဂျပန်ဘာသာမှလွဲ၍အခြားဘာသာစကားများဖြင့် ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ထုတ်ပေးရန် လျှောက်လွှာအကြောင်းကို Web ဆိုက်တွင် ဖတ်ရှုပါ

**Web ဆိုက်သို့ဝင်ရောက်ရန် QR ကုဒ်ကို စကန်ဖတ်ပါ ⇒**

*လျှောက်လွှာပုံစံ ဒေါင်းလုတ်ဆွဲရန်နှင့် ကိုယ်ပိုင်နံပါတ်ကတ်(My Number Card) နှင့်ဆိုင်သောအချက်အလက်များအကြောင်းကို အောက်ပါ Webဆိုက်တွင် ဝင်ရောက်စစ်ဆေးပါ။
(ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ ကိုးရီးယား၊ စပိန်နှင့် ပေါ်တူဂီဘာသာစကားဖြင့် ဖတ်ရှုနိုင်သည်)
https://www.kojinbango-card.go.jp/

# ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ကို ကျန်းမာရေး အာမခံကတ်အဖြစ် အသုံးပြုမှုမှတ်ပုံတင်ခြင်း



ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ကို ကျန်းမာရေးအာမခံကတ်အဖြစ် အသုံးပြုရန် အသုံးပြုမှုမှတ်ပုံတင်ခြင်း လိုအပ်ပါသည်။ ဤတွင် စာရင်းသွင်းနည်း။

## ① ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆေးဆိုင်များတွင် မှတ်ပုံတင်ခြင်း

ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆေးဆိုင်များတွင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်း အတိုင်း လိုက်နာဆောင်ရွက်ပါ။

**လိုအပ်သောအရာ**

- ကိုယ်ပိုင်နံပါတ်ကတ် (My Number Card)

1




"မှတ်ပုံတင်ရန်" ကိုရွေးချယ်ပါ။

2




ကိုယ်ပိုင်နံပါတ်ပေါ်တယ် (Mynaportal) ၏ အသုံးပြုမှုစည်းကမ်း ချက်များကို စစ်ဆေး၍ ပြဿနာ တစ်စုံ တစ်ရာမရှိပါက "သဘောတူပြီး ရှေ့ဆက် မည်" ကိုရွေးချယ်ပါ။

3




ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ကို ကျန်းမာရေး အာမခံကတ်အဖြစ် အသုံးပြုမှု မှတ်ပုံတင်ခြင်း ပြီးမြောက်ပါပြီ။ "နောက်သို့" ကိုရွေးပြီး သဘောတူညီ ချက်စာမျက်နှာသို့ ဆက်သွားပါ။

မြန်မာဘာသာ / ミャンマー語版

# ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ကို ကျန်းမာရေးအာမခံကတ်အဖြစ် အသုံးပြုမှုမှတ်ပုံတင်ခြင်း

ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ကို ကျန်းမာရေးအာမခံကတ်အဖြစ် အသုံးပြုရန် အသုံးပြုမှုမှတ်ပုံတင်ခြင်း လိုအပ်ပါသည်။ ဤတွင် စာရင်းသွင်းနည်း။

## ② Mynaportal တွင် ကြိုတင်စာရင်းပေးသွင်းခြင်း

### လိုအပ်သောအရာ

- ကိုယ်ပိုင်နံပါတ်ကတ် (My Number Card)
- အသုံးပြုသူစစ်မှန်ကြောင်းသုံး ရန်စကားဝှက်
- စမတ်ဖုန်း
- ကိုယ်ပိုင်နံပါတ်ပေါ်တယ် (Mynaportal) အက်ပလီကေးရှင်းကို ထည့်သွင်းခြင်း

### မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်

*မျက်နှာပြင်ပုံတွင် အောက်ပါလုပ်ထုံးလုပ်နည်းဖြင့် စာရင်းသွင်းပါ။

① ကိုယ်ပိုင်နံပါတ်ပေါ်တယ် (Mynaportal) အက်ပလီကေးရှင်းကို ဖွင့်၍ အကောင့်ဝင်ပြီး "လက်မှတ်များ" တွင် "ကျန်းမာရေးအာမခံကတ်" ကိုရွေးပါ။

② "ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) အသုံးပြုခြင်း" သည် အနီရောင်ဖြင့် "စာရင်းမသွင်းရသေးပါ" ဟု ပြနေလျှင် "မှတ်ပုံတင်ရန်" ကိုရွေးပါ။

③ မှတ်ပုံတင်ချိန်ကြာမြင့်ပါက "မှတ်ပုံတင်နေဆဲ" ဟု ပေါ်ပါမည်။

④ "ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) အသုံးပြုခြင်း " သည်"မှတ်ပုံတင်ပြီး" အခြေအနေသို့ ပြောင်းလဲနေခဲ့လျှင် မှတ်ပုံတင်ခြင်းပြီးဆုံးပါပြီ။

### ကိုယ်ပိုင်နံပါတ်ပေါ်တယ် (Mynaportal)လော့ဂ်အင်

- "ကိုယ်ပိုင်နံပါတ်ပေါ်တယ် (Mynaportal) App" ကို ထည့်သွင်းခြင်း
- အကောင့်ဝင်ရန် လျှောက်ထားသူ၏ ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ကို အသုံးပြုခြင်း

iOS

Android

2D QR ကုတ်ကို မဖတ်နိုင်ပါက "Mynaportal" ဖြင့် ရှာပါ။

[မျက်နှာပြင် ရုပ်ပုံ]

①



②



③



④


မြန်မာဘာသာ / ミャンマー語版

# ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ဖြင့် ဆေးကုသမှုခံယူရန်နည်းလမ်း

ကျန်းမာရေးအာမခံကတ်ကို အသုံးပြုရန်မှတ်ပုံတင်ထားသော ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ဖြင့် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဆေးဆိုင်များတွင် စစ်ဆေးသည့်အခါ မျက်နှာမှတ်မိနိုင်သောကတ်ဖတ်စက် * ဖြင့် ကာယကံရှင်စစ်ဆေးမှုနှင့် အရည်အချင်းပြည့်မီမှု စစ်ဆေးခြင်းကို ပြုလုပ်ပါမည်။

*မျက်နှာကတ်ဖတ်စက်ဆိုသည်မှာကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ရှိ မျက်နှာဓာတ်ပုံဒေတာကို IC ချစ်ပ်မှ ဖတ်ယူ၍ ထို "မျက်နှာဓာတ်ပုံဒေတာ" နှင့် ကောင်တာတွင် ရိုက်ခဲ့သော "မျက်နှာဓာတ်ပုံဒေတာ" ကို နှိုင်းယှဉ်ကာ ကာယကံရှင်ဖြစ်ကြောင်းစစ်ဆေးခြင်းကို လုပ်ဆောင်နိုင်သော ကတ်ဖတ်စက်ဖြစ်ပါသည်။

## ဆေးခန်းပြခြင်း

①ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ကို ထားပါ



### မျက်နှာမှတ်ခြင်းပါကတ်ဖတ်စက် အမျိုးအစား



## ကာယကံရှင်ဖြစ်ကြောင်းစစ်ဆေးခြင်း

②ကာယကံရှင်အတည်ပြုရန် နည်းလမ်းကို ရွေးချယ်ပါ

**မျက်နှာမှတ်ခြင်း**



**PIN နံပါတ် (4 လုံး)**




* နံပါတ်နေရာများ ပြောင်းလဲသွားပါမည်

## သဘောတူခွင့်ပြုချက်များစစ်ဆေးခြင်း

③ဆေးကုသမှု၊ ဆေးဝါး၊ သတ်မှတ်ထားသောကျန်းမာရေးစစ်ဆေးခြင်းအချက်အလက်စသည်တို့၏ အသုံး ပြုမှုနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း၊ ရွေးချယ်ခြင်း။

* အီလက်ထရွန်နစ်ဆေးညွှန်းများစသည့် အခြားသော စစ်ဆေးရန်အချက်များနှင့် သဘောတူညီချက်များ ပါဝင်သည့်အခါ မျိုးလည်း ရှိပါသည်၊




## ကောင်တာလက်ခံမှုပြီးဆုံးခြင်း

④အောက်ပါ မျက်နှာပြင် ပေါ်လာပါက၊ ကောင်တာလက်ခံမှုပြီးဆုံးပါပြီ။



# သဘောတူညီရန်အချက်များအကြောင်း

မျက်နှာမှတ်ခြင်းပါ ကတ်ဖတ်စက်ဖြင့် ကောင်တာလက်ခံသည့်အခါ ယခင်ပေးဖူးသောဆေးဝါးများနှင့် သတ်မှတ်ကျန်းမာရေးစစ်ဆေးမှုများအကြောင်း အချက်အလက်များကို ဆရာဝန်နှင့်ဆေးပေးဆရာထံ ပေးမည်လားကို သဘောတူလက်ခံမခံ မေးမြန်းခြင်း ပြုလုပ်ပါမည်။

## သဘောတူညီခြင်း နည်းလမ်းကို စစ်ဆေးခြင်း

過去の医療情報等の提供に同意しますか。【手術 / 診療、お薬 / 検診】

ယခင် ဆေးကုသမှုဆိုင်ရာ အချက်အလက်များကို ပေးအပ်ရန် သဘောတူပါသလား။ [ခွဲစိတ်မှု/ဆေးကုသမှု၊ ဆေးဝါး/စစ်ဆေးခြင်း]

- အားလုံး သဘောတူပါသည် — 全て同意する
- တစ်ဦးချင်းသီးခြားသဘောတူညီခြင်း — 個別に同意する

## ● တစ်ဦးချင်းသီးခြားသဘောတူညီခြင်းမျက်နှာပြင်

| ခွဲစိတ်မှု | ခွဲစိတ်မှုမှလွဲ၍အခြားသောအရာများ ဆေးကုသမှုနှင့် ဆေးဝါးအချက်အလက်များ | ဆေးဝါးအချက်အလက် | ကျန်းမာရေးစစ်ဆေးခြင်း ဆိုင်ရာအချက်အလက် |
|---|---|---|---|
| 過去の手術情報を、当機関に提供することに同意しますか。 | 過去の手術以外の診療・お薬情報を、当機関に提供することに同意しますか。 | 過去のお薬情報を当機関に提供することに同意しますか。 | 過去の健診情報を、当機関に提供することに同意しますか。 |
| အတိတ်မှခွဲစိတ်မှု အချက်အလက်များကို ဤအဖွဲ့အစည်းအား ပေးအပ်ရန် သဘောတူပါသလား။ | ယခင်က ခွဲစိတ်မှုများမှ လွဲ၍ အခြားဆေးကုသမှု နှင့် ဆေးဝါးအချက်အလက် များကို ဤအဖွဲ့အစည်းအား ပေးအပ်ရန် သဘောတူ ပါသလား။ | ယခင် ဆေးဝါး အချက်အလက်များကို ဤအဖွဲ့အစည်းအား ပေးအပ်ရန် သဘောတူ ပါသလား။ | ယခင် ကျန်းမာရေး စစ်ဆေးခြင်းဆိုင်ရာ အချက်အလက်များကို ဤအဖွဲ့အစည်းအား ပေးအပ်ရန် သဘောတူပါသလား။ |
| သဘောတူသည် — 同意する | သဘောတူသည် — 同意する | သဘောတူသည် — 同意する | သဘောတူသည် — 同意する |
| သဘောမတူပါ — 同意しない | သဘောမတူပါ — 同意しない | သဘောမတူပါ — 同意しない | သဘောမတူပါ — 同意しない |

* မျက်နှာပြင်ဒီဇိုင်းနှင့် ပြသထားသော စာသားသည် အဖွဲ့အစည်းနှင့် ထုတ်လုပ်သူပေါ်မူတည်၍ ကွဲပြားနိုင်သည်။

### အားလုံး သဘောတူပါသည်

ယခင် ဆေးကုသမှုဆိုင်ရာအချက်အလက်များကို ပေးအပ်၍ ပြဿနာမရှိပါက အထက်ပါခလုတ်ကို ရွေးချယ်ပါ။ **စုပေါင်း၍ သဘောတူညီချက်ပြီးဆုံးခြင်း ဖြစ်ပါမည်။**

### တစ်ဦးချင်းသီးခြားသဘောတူညီခြင်း

ပေးအပ်သော အချက်အလက်များကို ချုံ့လိုပါက အောက်ပါ ခလုတ်ကို ရွေးချယ်ပါ။ ထို့နောက် ခွဲစိတ်မှုနှင့် ဆေးဝါးအချက်အလက်၊ ကျန်းမာရေးစစ်ဆေးခြင်း အချက်အလက် စသည်တို့ကို ပေးအပ်ရန်အကြောင်းကို အစဉ်လိုက်ဖော်ပြထားမည်ဖြစ်သည့်အတွက် တစ်ဦးချင်းသီးခြားသဘောတူညီမှုကို ရွေးပါ။

# သဘောတူညီမှုအချက်များနှင့်ပတ်သက်၍ (တူညီသောဆေးဘက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ဆေးဆိုင်သို့ပြန်လည်ပြသပါက)

ကောင်တာလက်ခံချိန်ရှိ ကတ်ဖတ်စက်၏ သဘောတူညီချက်ရယူခြင်းမျက်နှာပြင်နှင့်ပတ်သက်၍ ယခင်က သွားခဲ့ဖူးသည့် ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ဆေးဆိုင်သို့ **နောက်တစ်ကြိမ်ပြန်ပြသည့်**အခါ ထိုနေရာတွင် တစ်ဦးချင်းသီးခြားမှတ်ပုံတင်ထားသော ယခင်သဘောတူညီချက် အခြေအနေကို လွှဲယူ၍ရပါသည် ။
*အခြားဆေးဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဆေးဆိုင်များအကြားတွင် သဘောတူညီမှုအခြေအနေကို မျှဝေမည်မဟုတ်ပါ




● **တစ်ဦးချင်းသီးခြားသဘောတူညီမှုစာမျက်နှာ** - တစ်ဦးချင်းသီးခြား သဘောတူညီမှုစာမျက်နှာသည် စာမျက်နှာ 8 ပေါ်လာပါမည်

## တစ်ဦးချင်းသီးခြားသဘောတူညီရန် ရှေ့အခေါက်မှ သဘောတူညီမှုအခြေအနေကို လွှဲယူနိုင်ပါသည်

❶ - "တစ်ဦးချင်းသီးခြားသဘောတူညီခြင်း" ကိုနှိပ်ခြင်းဖြင့် ရှေ့အခေါက်မှ သဘောတူညီမှုအခြေအနေကို စစ်ဆေးခြင်းနှင့် ပြောင်းလဲခြင်း လုပ်နိုင်သည်
❷ - ယခင် မှတ်ပုံတင်ထားသောသဘောတူညီမှုအချက်အလက်ရှိလျှင် ထိုသဘောတူညီမှုအခြေအနေကို စစ်ဆေးနိုင်ပါသည်
❸ - "လက်ရှိသဘောတူညီမှုအချက်အလက်ကို လွှဲယူမည်" ကိုနှိပ်ခြင်းဖြင့် ရှေ့အခေါက်မှ သဘောတူညီမှုအခြေအနေနှင့်တူညီသောအကြောင်းအရာဖြင့် သဘောတူညီမှုပြီးဆုံးပါမည်
❹ - "ပြန်လည်ရွေးချယ်မည်" ကိုနှိပ်ခြင်းဖြင့် ရှေ့အခေါက်မှ သဘောတူညီမှုအချက်အလ

* မျက်နှာပြင်ဒီဇိုင်းနှင့် ပြသထားသော စာသားသည် အဖွဲ့အစည်းနှင့် ထုတ်လုပ်သူပေါ်မူတည်၍ ကွဲပြားနိုင်သည်။

# ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ဖြင့် ဆေးကုသမှုအကျိုးကျေးဇူးများ

ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ကို အသုံးပြုခြင်း၍ ဆေးကုသမှုဆိုင်ရာ အဓိကအကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။




## ဒေတာအပေါ်အခြေခံသောပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်သည်

ဆေးဝါးအချက်အလက် စသည်တို့ကို သဘောတူညီပါက ဆေးစာ စာအုပ်ကို ပြသရန်မလိုဘဲ ယခင် ပေးလိုက်သောဆေးဝါးနှင့် သတ်မှတ် ကျန်းမာရေးစစ်ဆေးမှုစသည့် အချက်အလက်များကို ပထမဆုံး အကြိမ် ပြသည့်အခါဖြစ်စေကာမူ ဆရာဝန်၊ ဆေးဝါးကျွမ်းကျင်သူများထံ အဆင်ပြေပြေ မျှဝေနိုင်သည်။




## လုပ်ထုံးလုပ်နည်းများမပါဘဲ ကုန်ကျစရိတ်ကြီးသော ဆေးကုသစရိတ်များ၏ သတ်မှတ်ပမာဏကျော်လွန်သော ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်

ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ဖြင့် အရည်အချင်းပြည့်မီမှုကို စစ်ဆေးမည် ဖြစ်သောကြောင့် စက္ကူလက်မှတ် ယူဆောင်လာရန် မလို & လုပ်ထုံး လုပ်နည်းများမလိုဘဲဖြင့် ကုန်ကျစရိတ်ကြီးသော ဆေးကုသ စရိတ်များ၏ သတ်မှတ်ပမာဏကျော်လွန်သော ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။

### "ကုန်ကျစရိတ်ကြီးသောဆေးကုသစရိတ်စနစ်" ဆိုသည်မှာ

ကုန်ကျစရိတ်ကြီးသောဆေးကုသစရိတ်စနစ်ဆိုသည်မှာ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဆေးဆိုင်၏ ကောင်တာတွင် ပေးဆောင်သည့်ပမာဏသည် 1လစာ(လအစမှ လကုန်အထိ) ကန့်သတ်ပမာဏထက်ကျော်လွန်သည့်အခါ ထိုကျော်လွန်သော ပမာဏကို ထောက်ပံ့ပေးသည့်စနစ်ဖြစ်သည်။ ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ဖြင့် အရည်အချင်း ပြည့်မီကြောင်းစစ်ဆေးမှုဖြင့် ကုန်ကျစရိတ်ကြီးသောဆေးကုသစရိတ်စနစ်ကို အသုံးပြုနိုင်သည်။

# ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ဖြင့် ကောင်းတာလက်ခံ၍ မရခဲ့လျှင်

ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ကို ကျန်းမာရေးအာမခံကတ်အဖြစ် အသုံးပြုသည့်အခါ၊ မျက်နှာမှတ်ကတ်ဖတ်စက်၏ ချို့ယွင်းမှုတစ်ခုခုကြောင့် အရည်အချင်း ပြည့်မီမှုစစ်ဆေးခြင်းမလုပ်နိုင်သည့်အခါတွင်လည်း အောက်ပါအတိုင်း အရည်အချင်းပြည့်မီမှုစစ်ဆေးခြင်းကို လုပ်ပါမည်။
ထိုသို့လုပ်ခြင်းဖြင့် ကိုယ်တိုင်ပေးချေမှု 100% မဟုတ်ဘဲ၊ ယခင်ကအတိုင်း ကိုယ်တိုင်ပေးချေမှုဖြင့် ဆေးကုသမှုကို ခံယူနိုင်မည်ဖြစ်ပါသည်။



**လက်မခံနိုင်ခဲ့ခြင်း**ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ကို တင်ပြခဲ့သော်လည်း

## အောက်ပါတို့အနက် တစ်ခုခုကိုတင်ပြနိုင်လျှင်

### ကိုယ်ပိုင်နံပါတ်ပေါ်တယ် (Mynaportal) မျက်နှာပြင်

* ကိုယ်ပိုင်နံပါတ်ပေါ်တယ် (Mynaportal) မှဒေါင်းလုတ်လုပ်ထားသော PDF ဖိုင်များလည်း လက်ခံသည်




### အရည်အချင်းအချက်အလက် အသိပေးခြင်း




**ဘယ်ဘက်မှနှစ်ခုလုံးအနက်တစ်ခုမှမတင်ပြနိုင်လျှင်**

**နောက်တခေါက်ပြန်ပြလျှင်**

### နှုတ်ဖြင့် စစ်ဆေးခြင်း

**ဆေးရုံဘက်မှ အရည်အချင်း စစ်ဆေးရန် လိုအပ်သော အချက်အလက်များကို သိရှိထားပါက ဝန်ထမ်းများမှ နှုတ်ဖြင့် စစ်ဆေးခြင်း**



**ပထမအကြိမ်ဆေးခန်းပြခြင်း**ဖြစ်လျှင်

### အာမခံထားသူဖြစ်ကြောင်းဖော်ပြစာ




* ဝန်ထမ်းထံမှ စာရွက်ကိုလက်ခံယူ၍ ဖြည့်စွက်ပါ

## "အရည်အချင်းအချက်အလက် အသိပေးခြင်း" ဆိုသည်မှာ?

My Number ကျန်းမာရေးအာမခံကတ်ရှိသူများကို လျှောက်ထားခြင်းနှင့်မဆိုင်ဘဲ ထုတ်ပေးသောစာရွက်စာတမ်းဖြစ်ပါသည်။ ဤစာရွက်တစ်မျိုးတည်းဖြင့် ဆေးကုသ၍မရပါ။ အကြောင်းတစ်ခုခုကြောင့် အရည်အချင်းပြည့်မီမှုကို မစစ်ဆေးနိုင်ပါက ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) နှင့်အတူ တင်ပြပါ။

## "အာမခံထားသူဖြစ်ကြောင်းဖော်ပြစာ" ဆိုသည်မှာ?

ပထမဆုံးအကြိမ်ဆေးခန်းပြသည့် ဆေးကုသမှုအဖွဲ့အစည်း၊ ဆေးဆိုင်များတွင် အကြောင်းတစ်ခုခုကြောင့် အရည်အချင်းပြည့်မီမှုကို မစစ်ဆေးနိုင်ပါက ကိုယ်ပိုင်နံပါတ်ပေါ်တယ် (Mynaportal) မျက်နှာပြင်နှင့် အရည်အချင်းအချက်အလက် အသိပေးခြင်းကို မချိန်းထားလျှင် ဖြည့်ရသောစာရွက်စာတမ်း ဖြစ်ပါသည်။

# Call center အကြောင်း (နိုင်ငံခြားဘာသာစကားပံ့ပိုးမှု)

ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) နှင့် ပတ်သက်၍ နားမလည်သည်များနှင့် စိုးရိမ်ပူပန်မှုများရှိပါက အောက်ပါ call center သို့ ဖုန်းဖြင့် ဆက်သွယ် မေးမြန်းပါ။
* များယွင်းသောခေါ်ဆိုမှုများ များလာနေပါသည်။ ဖုန်းမခေါ်ဆိုမီ ဖုန်းနံပါတ်ကို စစ်ဆေးပါ။

**① ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) ၊ ကိုယ်ပိုင်နံပါတ်အသိပေးခြင်း၊ အသိပေးကတ်အကြောင်း**

**② ကိုယ်ပိုင်နံပါတ်ကတ် (My Number Card) နှင့် အီလက်ထရွန်နစ် သက်သေခံလက်မှတ် ထည့်ထား သော စမတ်ဖုန်း ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်းကြောင့် ယာယီအသုံးပြုမှု ရပ်ဆိုင်းခြင်းအကြောင်း**

**0120-0178-27**

**ကောင်တာလက်ခံချိန်**

အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုးရီးယားဘာသာ၊
စပိန်ဘာသာ၊ ပေါ်တူဂီဘာသာ
**နေ့စဉ် 8:30 - 20:00**

ထိုင်းဘာသာ၊ နီပေါဘာသာ၊ အင်ဒိုနီးရှားဘာသာ၊
ဗီယက်နမ်ဘာသာ၊ တဂါလော့ဘာသာ
**နေ့စဉ် 9:00 - 18:00**

※ **②၏ယာယီအသုံးပြုမှုရပ်ဆိုင်းခြင်းသည် 24 နာရီ ဆောင်ရွက်ပေးနိုင်ပါသည်**
※ အထက်ပါ နံပါတ်မှ ဆက်သွယ်၍မရလျှင် -**0570-064-738** (ဖုန်းခေါ်ဆိုခ အခပေး)
※ အထက်ပါနံပါတ်များထဲမှ တစ်ခုခုကို ဆက်သွယ်၍မရပါက -**050-3818-1250 သို့** (ဖုန်းခေါ်ဆိုခ အခပေး)
※ ဂျပန်ဘာသာဖြင့် ဆောင်ရွက်ပေးမှုရယူလိုပါက - **0570-783-578** (ဖုန်းခေါ်ဆိုခ အခပေး) ကောင်တာလက်ခံချိန်သည် နေ့စဉ် 8:30-20:00

## My Number စနစ်၊ ကိုယ်ပိုင်နံပါတ်ပေါ်တယ် (Mynaportal)

**0120-0178-26**

**ကောင်တာလက်ခံချိန်**

အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုးရီးယားဘာသာ၊
စပိန်ဘာသာ၊ ပေါ်တူဂီဘာသာ၊ ထိုင်းဘာသာ၊ နီပေါဘာသာ၊
အင်ဒိုနီးရှားဘာသာ၊ ဗီယက်နမ်ဘာသာ၊ တဂါလော့ဘာသာ

| | |
|---|---|
| **ကြားရက်** | **9:30 - 20:00** |
| **စနေ၊ တနင်္ဂနွေနှင့် အစိုးရပိတ်ရက်များ** | **9:30 - 17:30** |

※ နှစ်သစ်ကူးအားလပ်ရက် (ဒီဇင်ဘာ 29 ရက်မှ ဇန်နဝါရီ 3 ရက်အထိ) မပါပါ